

International Labour Organization

# မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ နှင့် ကလေးအလုပ်သမား အခြေအနေ

အခြေအနေဆန်းစစ်ချက်၊ ၂၀၂၁ခုနှစ်၊ ဧပြီလ

Kantar Public Information Myanmar အဖွဲ့နှင့်အတူ ဆောင်ရွက်လျက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအတွင်းရှိ ကလေးအလုပ်သမားများ၏ ဖြစ်စဉ်နှင့် တွန်းအား၊ ကန်အား တို့အပေါ် ဖြစ်ပေါ်ခဲ့သော၊ နောင်ဆက်လက် ဖြစ်ပေါ် မည့် အကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်ရန် အဝေးမှ သီးခြားကွင်းဆင်းခြင်းကို ဆောင်ရွက်ခဲ့သည်။

သုတေသနသည် ၂၀၂၀ခုနှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက် ခု ဖြစ်သည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့သည်။

ယေဘုယျအားဖြင့် စစ်တမ်းပေါင်း ၁,၀၉၁ခုကို ဝင်ငွေနည်း အိမ်ထောင်စုများမှ မိဘများ၊ ကလေးများနှင့် ကောက်ယူ ခဲ့ပြီး ရပ်ရွာခေါင်းဆောင်များနှင့် စစ်တမ်း ၂၀ခုနှင့် တွေ့ဆုံ မေးမြန်းမှု ၁၉ခုအပြင် မူဝါဒ ချမှတ်သူ ခြောက်ဦးနှင့် မီဒီ ယာ ကိုယ်စားလှယ် ငါးဦးနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ် ခဲ့သည်။

ဤနေရာတွင် အကျဉ်းချုပ် ဖော်ပြထားသော တွေ့ရှိချက် များသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဆက်စပ်နေသော ကလေးအလုပ်သမားများ တိုးမြင့်လာခြင်းအတွက် ထင်ရှား ပြတ်သားသော အန္တရာယ် ရှိကြောင်း မီးမောင်းထိုးပြသည်။ ကပ်ရောဂါကြောင့် မိသားစုများ ပိုမိုကျပ်တည်းမှု၊ မိသားစု ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်မှု များနှင့် ကလေးသူငယ်များသည် အခကြေးငွေရသော၊ မ ရသော အလုပ်အတွင်းသို့ အတင်းအကျပ် ဖိအားပေးခံရ ခြင်းကြောင့် ထိခိုက်နစ်နာလွယ်မှု တိုးမြင့်လာခြင်းတို့သည် အရေးတကြီး အာရုံစိုက်သင့်သော ပြဿနာကိစ္စရပ်များ ဖြစ်သည်။

## ကလေးအလုပ်သမား အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် စပ်လျဉ်း၍ ရှုပ်ထွေးမှုများ

အကျိုးသက်ဆိုင်သူများထဲမှ အနည်းငယ်သာ ကလေးအလုပ်သမား ဟူသော စကားရပ်ကို ပြည့်စုံကျယ်ပြန့်စွာ အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။

ဥပဒေအရသတ်မှတ်သော အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပေါ် ဖြေကြားမှုများ ရောထွေးနေခဲ့ပြီး ကလေးအလုပ်သမားအဖြစ် အဓိပ္ပါယ် ဖွင့်ဆိုချက်၏ အဓိကလက္ခဏာတစ်ရပ်ဖြစ်သည့် ပညာရေး ထိခိုက်ခြင်း ကိုလည်း ကိုးကား၊ ညွှန်းဆိုဖြေကြားမှု နည်းပါးသည်။

တိုင်ပင်ဆွေးနွေးခဲ့သော အကျိုးသက်ဆိုင်သူများ၏ ၂၈% သာ အန္တရာယ်ရှိသော လုပ်ငန်းခွင်နှင့် ဆက်စပ်သော ဥပဒေများအကြောင်း သိရှိကြသည်။

## မိဘများ - အသက်၁၄နှစ်အောက် ကလေးများစွာ အလုပ်လုပ်ကြသည်

**၉၆%** တွေ့ဆုံမေးမြန်းခဲ့သော ကလေးများသည် စစ်တမ်းကောက်ယူချိန်တွင် ကျောင်းမတက်ကြပေ။

**၃၅%** စစ်တမ်းကောက်ယူခဲ့သော မိဘများသည် ၎င်းတို့ မြို့နယ်တွင် အသက်၁၄နှစ်အောက် ကလေးများ အလုပ်လုပ်ခြင်းသည် အတွေ့ရများကြောင်း သို့မဟုတ် အလွန် အတွေ့ရများကြောင်း ယူဆကြသည်။

ဤဖြေဆိုမှုများသည် မြို့ပြနှင့် ကျေးလက်ဒေသများတလျှောက်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များတလျှောက်တွင်ပါ တစ်သမတ်တည်း ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများသည် ကလေးအလုပ်သမား အတွေ့ရအများဆုံးဟု ယူဆရသော ကဏ္ဍများ ဖြစ်သည်။

မိဘများနှင့် ကလေးသူငယ်များမှ လွဲ၍ အခြားသော အကျိုးသက်ဆိုင် သူများသည် ကလေးအလုပ်သမားများ တိုးပွားလာကြောင်းကို ငြင်းဆို ကြသောလည်း အများစုသည် ထုံးနည်းစံကျ တရားဝင် အလုပ်အကိုင် ကဏ္ဍကိုသာ အာရုံစိုက်ကြပြီး ထိုကဏ္ဍအတွင်း ကလေးအလုပ်သမားမှာ အဖြစ်နည်းကြောင်း သိရှိရသည်။

## အိမ်အလုပ်လုပ်သော ကလေးများအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှု

**၉၇%**


ဖြေဆိုသူများထဲက ၎င်းတို့ ကလေးသည် အိမ်မှုကိစ္စများ ကူလုပ်ပေးကြောင်း ပြောခဲ့ကြပြီး အိမ်အလုပ် လုပ်ပေးချိန်ကို အများအားဖြင့် ၁၆ နာရီအောက် ရှိကြောင်း ခန့်မှန်းကြသည်။

**၈၃%**

ကလေးများထဲမှ အိမ်မှုကိစ္စများတွင် ၎င်းတို့ကူလုပ်ပေးရခြင်းသည် ၂၀၂၀ ခုနှစ်အတွင်း ပိုတိုးလာကြောင်း ပြောခဲ့ကြသည်။ ဤသည်မှာ ကိုဗစ်ရောဂါကြောင့် ကျောင်းများပိတ်ထားခြင်းများကြောင့် ကလေးများ အားလပ်ချိန်ပိုများသောကြောင့်ဟု အများစု ယူဆကြသည်။

**၄၀%**

မိဘများသည် ၂၀၂၀ခုနှစ်အတွင်း အိမ်တွင်း ကလေးများ အိမ်မှုကိစ္စ လုပ်ဆောင်ရမှု တိုးလာကြောင်း သဘောတူလက်ခံခဲ့ကြသည်။



## ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ငွေကြေးကြပ်တည်းမှုဖိအားကို ကြီးလေးစွာ ခံစားနေရသော မိသားစုများ

ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ဆိုးရွားသော ထိခိုက်မှုတစ်ခု ဖြစ်ပေါ်စေခဲ့သည်မှာ သေချာသည်။

- ဖြေဆိုသူများထဲမှ ၈၂%သည် ၎င်းတို့ အိမ်ထောင်စုဝင်ငွေကျဆင်းသွားကြောင်း သတိပြုမိခဲ့ကြသည်။
- ဖြေဆိုသူ ထက်ဝက်နီးပါးသည် ၂၀၂၀ခုနှစ်အတွင်း ငွေချေးခဲ့ရကြောင်း တင်ပြခဲ့ကြပြီး ထိုသို့ငွေချေးရသူများ၏ ၇၅% သည် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းရန်သာ ဖြစ်သည်။
- ဖြေဆိုသူများထဲမှ ၄၁%မှ အိမ်ထောင်စုဝင် တစ်ဦး သို့မဟုတ် တစ်ဦးမက အလုပ်အကိုင် ဆုံးရှုံးမှု ရှိခဲ့ကြောင်း သတိပြုမိကြသည်။

ဝင်ငွေဆုံးရှုံးမှုကို ရင်ဆိုင်နိုင်ရန် အသုံးအများဆုံးသော နည်းလမ်းများမှာ စုဆောင်းငွေကို အားကိုးရခြင်း၊ လစာကြိုတင်တောင်းခံခြင်းနှင့် ငွေချေးခြင်းတို့ ဖြစ်သည်။

အတိုးနှုန်းမြင့်သော ချေးငွေများ ရယူပြီးနောက် မိသားစုများစွာသည် အကြွေးသံသရာများအတွင်း ပိတ်မိသွားသည့် မရေရာမခိုင်မာသော အခြေအနေအတွင်း ရောက်ခဲ့ရကြောင်း အကျိုးသက်ဆိုင်သူများမှ စိုးရိမ်မှုများကို ပြောကြားခဲ့ကြသည်။ ယင်းတို့မှာ ကလေးများအား အလုပ်လုပ်စေသည့် အတွေ့ရများသော အန္တရာယ်အချက်များ ဖြစ်သည်။

## ရှေ့ဆက်လုပ်ဆောင်ရန်များ

ဤစိုးရိမ်ဖွယ် တွေ့ရှိချက်များကြောင့် ရလဒ်အဖြစ် သုတေသီများအား အောက်ပါ အကြံပြုချက်များပေးကြသည် -

- ကဏ္ဍနှင့် ရပ်ရွာအသိုင်းအဝိုင်း တစ်ခုချင်းအတွက် ရှင်းလင်း တိကျသော အကျိုးသက်ရောက်မှု ရည်မှန်းချက်များ ချမှတ်၍ အခြေအနေတစ်ခုချင်းအတွက် ပစ်မှတ်တိကျစွာ သတ်မှတ်ထားသော အစီအစဉ်/စီမံချက်တစ်ခု ရေးဆွဲပါ။
- အသိအမြင်ပေးခြင်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီဦးဆောင်ပေးနိုင်သော ကျောင်းဆရာ၊ ဆရာမများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ခေါင်းဆောင်များကဲ့သို့ ရပ်ရွာလူထု လှုပ်ရှားဆောင်ရွက်သူ ဇာတ်ဆောင်များကို ဖော်ထုတ်ပါ။
- ကလေးအလုပ်သမားသည် အတွေ့ရများပြီး ဖြစ်တတ်သော ကိစ္စရပ်တစ်ခုအဖြစ် နားလည်သဘောပေါက်စေရန် ဆောင်ရွက်ပြီးနောက်ကွယ်ရှိ လူမှုစီးပွား တွန်းအားပေးသော အချက်များကို ကိုင်တွယ် ဖြေရှင်းရန် အာရုံစိုက်လုပ်ဆောင်ကာ သက်ဆိုင်သူများအား ဤပြဿနာကို ခံစားနေရသော မိသားစုများအား စာနာနားလည်ပေးရန် တိုက်တွန်းအားပေးပါ။
- အကျိုးသက်ဆိုင်သူများအတွက် တရားဝင် ထုံးနည်းစံကျမဟုတ်သော ကြံ့ရာကျပန်း ကဏ္ဍတွင် အလုပ်လုပ်နေသော ကလေးများ အပါအဝင် ကလေးအလုပ်သမားဆိုင်ရာ အရေးကြီးသော သဘောတရားများနှင့် ကျယ်ပြန့်သော အမြင်ရှုထောင့်များကို ထည့်သွင်းဆွေးနွေးသော စွမ်းဆောင်ရည် တည်ဆောက်ရေးကို အစီအစဉ်များ ဆက်လက် ရေးဆွဲပါ။ လိုအပ်သလို ဒေသခံဘာသာစကားများသို့ ဘာသာပြန်ဆိုခြင်း ပံ့ပိုးပေးပါ။
- ကိုဗစ်-၁၉ရောဂါကြောင့် ပညာရေးအပေါ် ထိခိုက်မှုများကြောင့် ရေရှည် ခံစားရမည့် အကျိုးသက်ရောက်မှုများအကြောင်း လှုပ်ရှားလုပ်ဆောင်သော ဇာတ်ဆောင်များအား အသိအမြင်ဖွင့် နားလည်အောင် ကူညီပေးပြီး ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို ညှိနှိုင်း ဆောင်ရွက်ပါ။



All photos: Mayco Naing, PhotoDoc/ ILO